Roland Berger

**<u>သတင်းထုတ်ပြန်ချက်</u>**

ရိုလင်ဘာဂျာမြန်မာ၏စီးပွားရေးအပေါ် ယုံကြည်စိတ်ချရမှုစစ်တမ်း_အကောင်းမြင်လိုင်းကြာရှည်ခံပါ့မလား?

- စစ်တမ်းကိုဖြေဆိုသူများ၏ ၇၃% သည် စီးပွားရေးအခြေအနေတိုးတက်လာမည်ဟုမျှော်လင့်ကြသည်။
- စီးပွားရေးလုပ်ငန်းအဖွဲ့များ၏ ၈၃% သည် သင်တန်းပေးခြင်း၊ ဂန်ထမ်းများကို ပျိုးထောင်ပေးခြင်းမျိုးဖြင့် ဖြေရှင်းရခက်သည့်အခက်အခဲများကို ကျော်ဖြတ်နိုင်ရန် ပါဂင်ကူညီလိုကြပါသည်။
- စီးပွားရေးလုပ်ငန်းအဖွဲ့များ၏ ၉၇% သည် အစိုးရ၏ ပွင့်လင်းမြင်သာသောစီးပွားရေးမူဂါဒ ရှင်းရှင်းလင်းလင်းရှိလာခြင်းသည် အကောင်းမြင်ဂါဒနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် စိတ်ဂင်စားမှုတို့ကိုဖော်ထုတ်လာနိုင်မည့် အရေးပါသောအကဲဖြတ်ချက်ဟုထင်မြင်ကြသည်။

<u>ရန်ကုန်၊ နေပြည်တော်၊ ဒီဇင်ဘာ ၂၀၁၆</u>

မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ အိပ်မောကျနေပြီးနောက် ကမ္ဘာ့စီးပွားရေးဆီသို့ လျင်မြန်စွာနိုးထလာနေပြီ ဖြစ်သည်။ အထီးကျန် တံခါးပိတ်စီးပွားရေးမှနေ၍ ကမ္ဘာ့တဂှမ်းမှ စီးပွားရေးလုပ်ငန်းများကို တံခါးဖွင့်ပေးလိုက်ကာစတွင် ပြောင်းလဲမှုအရှိန်မှာလည်း လှုပ်လီလှုပ်လဲ့သာရှိနေပါသေးသည်။ အာရှရှိ စီးပွားရေးဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်သည့် မြန်မာနိုင်ငံသည် ယနေ့အချိန်တွင် အခြားနိုင်ငံများနှင့်မတူတော့ဘဲ ပြောင်းလဲမှုကိုကြုံတွေ့နေရနေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ အဖွဲ့များအား လည်းနောက်ဆုံးလက်ကျန် ရှေ့တန်းရောက် စီးပွားရေးဈေးကွက်တစ်ခုဖြစ်သည့် ရှားပါးသည့် အခွင့်အရေးကို လည်း မြန်မာနိုင်ငံကထောက်ပံ့ပေးနေပါသည်။

စီးပွားရေးလုပ်ငန်းများ၏ ဦးဆောင်မှုအဆင့်တွင် ပါဂင်ဆောင်ရွက်နေသူ ၂၀၀ ခန့်ကိုရိုလင်ဘာဂျာက ၂၀၁၆ ခုနှစ်၊ ဩဂုတ်နှင့် စက်တင်ဘာလအတွင်းစစ်တမ်းကောက်ယူခဲ့ပါသည်။ ပါဂင်သူများကို အရွယ်အစားစုံ ကုမ္ပဏီများမှ ရွေးချယ်ခြင်းဖြင့် ၎င်းတို့ကြုံတွေ့လာနိုင်သည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို သိရှိနိုင်ပါသည်။ ဖြေဆိုသူများ၏ ၉၀ ရာခိုင်နှုန်းသည် ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် မန်နေဂျာများ ဖြစ်ကြသည်။ ကုမ္ပဏီအမျိုးအစားအနေဖြင့် တယ်လီဖုန်းဆက်သွယ်ရေး၊ မီဒီယာ၊ နည်းပညာ၊ ဆောက်လုပ်ရေး၊ အိမ်ခြံမြေရောင်းဂယ်ရေး၊ လူသုံးကုန်ပစ္စည်း၊ ဓာတုဗေဒပစ္စည်းရောင်းဂယ်ရေး၊ လက်လီ ရောင်းဂယ်ရေး၊ ဘဏ်နှင့် ခရီးသွားဂန်ဆောင်မှုလုပ်ငန်းများတွင် ထိပ်တန်းအဆင့် လုပ်ကိုင်နေသူများ၏ အမြင်များ ပါဂင်ပါသည်။

ထိုသူများက မြန်မာ့အနာဂတ်အပေါ် အားတက်သရောရှိကြပြီး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမည့် အခြေအနေမျိုးကို ရောက်ရှိနေပြီဟု ယုံကြည်ကြသည်။ ၈၈ရာခိုင်နှုန်းသော ဖြေဆိုသူများကကြီးမား၍ ရေ့ဆက် တိုးတက်နေဦးမည့်လူဦးရေရှိသော ရေ့တန်းရင်းနှီးမြှုပ်နှံရမည့်ဈေးကွက်တစ်ခုအဖြစ် မြန်မာနိုင်ငံကို ရည်ညွှန်းကြလျက်ထိုအခြေအနေသည်ပင် ဤနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုလုပ်သင့်သည့် အဓိက အကြောင်းရင်းဟုဆိုပါသည်။ လက်ရှိအနေအထားမှ တိုးတက်လာရန် မျှော်လင့်နေကြပြီး၊ ယင်းအတွက် လည်း ပြင်ဆင်ထားကြသည်။ ၇၃ရာခိုင်နှုန်းက စီးပွားရေးအခြေအနေတစ်ခုလုံး ပိုမို ကောင်းမွန်လာမည်ဟု မျှော်လင့်သလို၉၂ရာခိုင်နှုန်းသောဖြေဆိုသူများက မိမိတို့၏စီးပွားရေး လုပ်ငန်းများ ကိုလာမည့်နှစ်တွင် ချဲ့ထွင်ရန်ရည်မှန်းထားသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်ကျော်ခန့် က နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို လိုလားကြသဖြင့် နိုင်ငံစုံလုပ်ငန်းစုများ အနေဖြင့်လည်း အခွင့်အလမ်းတစ်ခု ရရှိလာမည်ဖြစ်သည်။ စစ်တမ်းတွင်ပါဝင်သူများ၏ သုံးပုံနှစ်ပုံခန့်က အပြန်အလှန် ဖွံ့ဖြိုးမှုကို လိုလားကြ သည်။

မြန်မာနိုင်ငံတွင်အောင်မြင်မှုရရန်စိတ်အားထက်သန်မှုနှင့်စိတ်ရှည်မှုတို့လိုအပ်ပါသည်။နိုင်ငံအတွင်းတွင်၅နှစ်ထက်ပိုမို၍လုပ်ငန်းလုပ်ကိုင်ခဲ့သူများဖြစ်သည့်၇၀ရာခိုင်နှုန်းသောစီးပွားရေးလုပ်ငန်းများသည်မိမိတို့၏လုပ်ဆောင်ချက်များကိုကျေနပ်ကြသကဲ့သို့ထက်ဝက်ခန့်သော၅နှစ်အောက်သက်တမ်းရှိလုပ်ငန်းစုများသည်လည်းၾငင်းတို့၏ပါဝင်မှုအပေါ် ကျေနပ်ကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏စီးပွားရေးရင်းနှီးမြှုပ်နှံမှုသည် မြေစမ်းခရမ်းပျိုးကာလကို စောစီးစွာလွန်မြောက်၍ အလယ်အလတ်ကာလ၏ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြင်ဆင်ထားရန်အရေးကြီးသည့်အချိန် ဖြစ်သည်။

**<u>မဖြောင့်သောလမ်း</u>**

ထွန်းသစ်စ ဈေးကွက်များ သဘာဝအတိုင်းစီးပွားရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုများသည် ကြီးထွားလာလျက်ရှိသည်ကို မြန်မာတွင်လည်းတွေ့နိုင်ပါသည်။ စစ်တမ်းအရအလုပ်သမားရေးနှင့် ဥပဒေတည်ငြိမ်မှု မရှိခြင်းတို့သည်နိုင်ငံအတွင်းစီးပွားရေးလုပ်မည့်သူများအတွက်အဓိကစိုးရိမ်စရာဖြစ်နေပါသည်။ကျွမ်းကျင်လုပ်သားရှားပါးခြင်းသည် အလွန်ထင်သာမြင်သာသော ပြ□နာတစ်ရပ်ဟုဖြေဆိုသူ၄၁ရာခိုင်နှုန်းက ဆိုသကဲ့သို့ ၈၅ရာခိုင်နှုန်းက အဓိကပြ□နာဟုပင် သတ်မှတ်ကြသည်။ ကျွမ်းကျင်လုပ်သားများက လုပ်ခမြင့်မားမှုသည်လည်း ထပ်ဆင့်စိန်ခေါ်မှုတစ်ခု ဖြစ်လာပြီး၊ဆက်လက်တိုးပွားလာမည့် ပြ□နာ တစ်ရပ်ဟု ဖြေဆိုသူ၆၈ရာခိုင်နှုန်းကဆိုပါသည်။

မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ထိပ်တန်းအဆင့်ရှိသူများအတွက် အဓိကမေးခွန်းမှာ အစိုးရ၏မူဝါဒပင်ဖြစ်၏။ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကဲ့သို့ အရေးပါသောလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးသည်ကို လက်ခံရမည်ဖြစ်သော်ငြား၊ စီးပွားရေး၏အဓိကကဏ္ဍများအတွက် လွှမ်းခြုံနိုင်မည့်အစီအစဉ်သည် ပျောက်ကွယ်နေသည်။ ထိုအစီအစဉ်သည်စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံချက်များအတွက် သတ်သတ်မှတ်မှတ်ဖြစ်ရန်လိုသကဲ့သို့ အစိုးရအပြောင်းအလဲကြောင့် စီးပွားရေးပိတ်ဆို့မှုများကို ပယ်ဖျက်လိုက်ချိန်တွင် ဖြစ်လာသောသဘောထားအမြင်ကောင်းများ အပေါ်အလဟ□မဖြစ်ခင် လျင်လျင်မြန်မြန် အခွင့်အရေးယူနိုင်ရန်လိုပါသည်။

ရိုလင်ဘာဂျာစစ်တမ်းအရ ရှင်းလင်းပြတ်သားသော စီးပွားရေးမူဝါဒမရှိခြင်း၊ ဥပဒေပြုကိစ္စရပ်များအပေါ် မှန်းဆရခက်ခြင်း၊ နည်းဥပဒေများကို သီးခြားစီသာထုတ်ပြန်နေရခြင်း၊ မူပိုင်ခွင့် အခွင့်အရေးအပေါ် ကာကွယ်မှုမရှိခြင်းစသည့်အချက်များသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အတားအဆီးများ ဖြစ်နေစေသည်ဟု စီးပွားရေးလုပ်ငန်းစုအများစုက ဆိုကြသည်။"ဒီအတားအဆီးက တိကျခိုင်မာသည့် ပြည်သူ့ကဏ္ဍပြောင်းလဲမှုမျိုး လိုအပ်နေပြီလို့ ညွှန်းဆိုပါတယ်။ လက်ရှိစတင် ပြောင်းလဲလာမှုတွေရှိပေမယ့်လဲ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် အဓိပ္ပါယ်ရှိသော တိုးတက်မှုဖြစ်လာဖို့မှာ မလွှဲရှောင်သာသောစိန်ခေါ်မှုကြီးဖြစ်ပါတယ်။ အကောင်အထည် မြန်မြန်ဖော်လို့ ရတဲ့ ရေတိုအောင်မြင်မှုတွေကိုလဲ အရေးတကြီးလိုနေတာထင်ဟပ်နေတယ်" ဟုအရှေ့တောင်အာရှဆိုင်ရာရိုလင်ဘာဂျာ၏ ညွှန်ကြားရေးမိတ်ဖက်တစ်ဦးဖြစ်သူ တောမတ်ကလော့ဒ် က ပြောပါသည်။

စီးပွားရေးတိုးတက်မှုရှိလာရန် အစိုးရ၏ပြုပြင်ပြောင်းလဲမှုများက အရေးပါလှသည်။ အစိုးရအား စီးပွားရေးလုပ်ငန်းစုများက အကြံပြုထားသည့် အမြန်ဆုံးအကောင်အထည်ဖော်ရမည့် များပြားလှ သောလုပ်ငန်းခေါင်းစဉ်များကို ကြည့်ခြင်းအားဖြင့် ပြုပြင်ပြောင်းလဲမှု၏ စိန်ခေါ်မှုပမာဏ ကိုမှန်းဆနိုင်ပေသည်။ ဥပမာအားဖြင့် ဖြေဆိုသူတို့၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပွင့်လင်းမြင်သာသည့်အစိုးရမူဝါဒဖြစ်ရေး၊ တည်ငြိမ်သော လျှပ်စစ်ပံ့ပိုးမှုရရှိရေး၊ ပို့ဆောင်ရေးအခြေခံအဆောက်အဦများပိုမိုကောင်းမွန်လာရေး၊ ဘဏ္ဍာ□ရေးကဏ္ဍပြောင်းလဲရေး၊ မျှတသောယှဉ်ပြိုင်မှုများအား မြှင့်တင်ပေးရေး၊ ပညာရေး ပြုပြင်ပြောင်းလဲရေးနှင့် သင်တန်းများစသည့်ကိစ္စရပ်များပါဝင်သည်။

**<u>နိဂုံးချုပ်သုံးသပ်ချက်</u>**

မြန်မာနိုင်ငံ၏ အလားအလာသည် ကောင်းမွန်စစ်မှန်သည်။ သို့သော် အခက်အခဲအတားအဆီးများလည်း ရှိသည်။ နိုင်ငံ၏ အလားအလာကောင်းများအပေါ် အခွင့်ကောင်းယူမည့် လုပ်ငန်းစုများနှင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုတဟုန်ထိုးတိုးတက်လိုသောမူဝါဒရေးဆွဲသူများသည် နိုင်ငံကိုအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်သူများ ဖြစ်သည်။ မူဝါဒရေးဆွဲသူများအား ရိုလင်ဘာဂျာ၏စစ်တမ်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုမည်သို့ဆွဲဆောင်ရမည် စသည့်အရေးကြီးသည့် သဘောထားအမြင်များကိုပံ့ပိုးပေးနိုင်ပါသည်။ နိုင်ငံတကာနှင့် ဒေသခံစီးပွားရေးလုပ်ငန်းနှစ်ခုစလုံးသည် တိကျခိုင်မာသောစည်းမျဉ်းဥပဒေ၊ တရားဥပဒေများနှင့် ၎င်းတို့၏ ပွင့်လင်းမြင်သာမှုများကိုလိုအပ်နေကြသည်။

ကုမ္ပဏီများဘက်မှလည်းရိုလင်ဘာဂျာ၏ စစ်တမ်းမှ အဓိကသင်ခန်းစာအချို့ကို ထုတ်ယူနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် တိုးတက်နေသောဈေးကွက်အသစ်တွင် လုပ်ငန်းချဲ့ထွင်လိုသော နိုင်ငံတကာလုပ်ငန်းစုများ အတွက် အခွင့်အလမ်းများထောက်ပံ့ပေးနေသည်။ ကဏ္ဍအလိုက် ကုမ္ပဏီများဖြစ်သည့် ခရီးသွားလာရေး၊ စွမ်းအင်၊ အခြေခံအဆောက်အဦနှင့် ဆောက်လုပ်ရေး၊ ဓာတု၊ စားသုံးကုန်စည်နှင့် လက်လီရောင်းဝယ်ရေး စသည့်လုပ်ငန်းများသည် နိုင်ငံအတွင်းအလားအလာကောင်းများစွာရှိသည်။

"အစိုးရအရာရှိများနှင့် မေးမြန်းချက်များအရတိကျသေချာတဲ့ စီးပွားရေးမူဝါဒများရှိဖို့နဲ့ စီမံကိန်းရေးဆွဲတဲ့ အဆင့်ကနေ လက်တွေ့ဆောင်ရွက်တဲ့အဆင့်၊ ရေတိုအောင်မြင်မှုတွေရတဲ့အဆင့်ထိရောက်အောင် ဆောင်ရွက်ဖို့ အရေးတကြီးလိုအပ်နေတယ်ဆိုတာသူတို့သိကြောင်းဖော်ပြနေပါတယ်။ အကယ်၍ အဲလိုသာဖြစ်ခဲ့မယ်ဆိုရင် နိုင်ငံအတွက် အလျင်မြန်ဆုံးနဲ့ အကျိုးသက်ရောက်မှု အကောင်းဆုံး အပြောင်းအလဲကို မြင်ရမှာ ဖြစ်ပါတယ်" လို့ တောမတ်ကလော့ဒ်ကပြောပါသည်။

စစ်တမ်းအား*[www.rolandberger.com/pressreleases](www.rolandberger.com/pressreleases)*တွင်ဒေါင်းလော့ရယူနိုင်ပါသည်။

ကျွန်တော်တို့၏သတင်းစဉ်များအား*[https://www.rolandberger.com/en/Notifications.html](https://www.rolandberger.com/en/Notifications.html)*တွင်ရယူနိုင်ပါသည်။

ရိုလင်ဘာဂျာသည်၁၉၆၇ခုနှစ်တွင်တည်ထောင်ခဲ့ပြီး၊ကမ္ဘာလုံးဆိုင်ရာအတိုင်ပင်ခံအဖြစ်ဂျာမန်အမွေအနှစ်နှင့်ဥရောပအခြေစိုက်တစ်ဦးတည်းသောဦးဆောင်အဖွဲ့အစည်းဖြစ်သည်။နိုင်ငံပေါင်း (၃၄) နိုင်ငံတွင်ဝန်ထမ်းဦးရေ (၂၄၀၀) ဖြင့်နိုင်ငံတကာ၏အဓိကဈေးကွက်များတွင်အောင်မြင်သောလုပ်ငန်းစီမံကိန်းများကိုအကောင်အထည်ဖော်လျက်ရှိသည်။ကမ္ဘာ့စီးပွားရေးအချက်အချာနေရာများတွင်ရုံးခွဲပေါင်း (၅၀) ကိုလည်းဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်၂၀၁၃ခုနှစ်မှစတင်လုပ်ဆောင်ခဲ့ပြီး၊ ပြည်သူပိုင်ကဏ္ဍစီမံချက်များနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစု များနှင့် အတူလက်တွဲလုပ်ကိုင်သောတစ်ခုတည်းသော အကြံပေးအဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်းသည် မိတ်ဖက်အဖွဲ့ပေါင်း (၂၂၀) ဖြင့်ဖွဲ့စည်းထားသောတစ်ဦးတည်းပိုင်စီးပွားရေးလုပ်ငန်းစု ဖြစ်သည်။

အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန်

*Tan Jin Kien, Roland Berger*
99 Condo, Level 6, 99 Dhammazedi Road, Kamayut Township, Yangon.
*Tel.: +65 90610463, +95 9 25380-9809*
*E-mail: [jinkien.tan@rolandberger.com](mailto:jinkien.tan@rolandberger.com)*
*[www.rolandberger.com/en/Publications/pub_myanmar_a_wave_of_optimism_will_it_last.html](www.rolandberger.com/en/Publications/pub_myanmar_a_wave_of_optimism_will_it_last.html)*